## Highlights from DVB Debate's Social Media & Impacts Show

## September 30, 2017

## "How responsible are you on Social Media?"

"ရုတ်တရက်ကြီး ဖေ့ဘွတ်ရောက်လာတော့.. ဖေ့ဘွတ်သည် အပြင်လောကနဲ့ တော်တော် နီးနီး စပ်စပ်တူတဲ့ ဆိုရှယ်နက်ခ်ဝေ့ါ ဖြစ်လာတာပေ့ါ။ အပြင်မှာဆို မျက်နှာချင်းဆိုင်ဆို ရိုင်းရိုင်း စိုင်းစိုင်း ပြောဖို့ အင်မတန် စဉ်းစားရတယ်။ ဖေ့ဘွတ်ပေါ်မှာ အကောင့် အတုနဲ့ မျက်နှာဖုံးနဲ့ ပြောနေသလို ဖြစ်နေတော့ ခံယူချက် မကောင်းသူ တွေဆို ဒါကို အခွင့်ကောင်း ယူပြီး လုပ်လာတာတွေ ရှိတယ်။"

ဦးထူးမြင့်နောင် - တွဲဖက်အတွင်းရေးမှူး (၁)၊ ရန်ကုန်တိုင်း ဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်း

---

"မြန်မာနိုင်ငံ အင်တာနက်သုံးခက အိမ်နီးချင်း နိုင်ငံတွေထက် အများကြီး ဈေးကြီးတယ်။ ဖေ့ဘွတ်ကနေတဆင့် ဂက်ဘ်ဆိုက် လင့်ခ်တခု ဂင်ရင် အချိန်ကြာတယ်၊ ဒေတာဖိုး ကုန်တယ်။ ဖေ့ဘွတ်ကို မမှီခိုစေချင်ရင်၊ ဖေ့ဘွတ်ကနေ လူတွေကို ထွက်စေချင်ရင်၊ အင်တာနက်ကို ဘယ်လိုဈေးပေါအောင် လုပ်ပေးမလဲ? ဒေတာပိုသက်သာအောင် ဘယ်လို လုပ်ပေးရမလဲ ဆိုတာ စဉ်းစားရမှာ။"

ဒေါ်ချမ်းမြေ့ခိုင် - တည်ထောင်သူ၊ အမရာ ဒစ်ဂျစ်တယ် မားကတ်တင်း အေဂျင်စီ

---

"ဖေ့ဘွတ်ကို ဟင်းလေးအိုးကြီး သဖွယ် သုံးနေတဲ့အတွက် ကောင်းတာတွေရော မကောင်းတာတွေရော ရောနေတယ်။ ဟင်းလေးအိုးကြီး ဆိုတဲ့အတိုင်း အသားလည်းပါမယ် အရိုးလည်းပါမယ်။"

ဒေါ်ယဉ်ယဉ်နှောင်း - ဆောင်းပါးရှင်/ Social Influencer

---

"ဖေ့ဘုတ် သတင်းစားသုံးသူတွေ ကိုယ်တိုင်က တည်းဖြတ်တဲ့ အခန်းကဏ္ဍကို ကိုယ်တိုင် ယူရမယ်။ ဒီသတင်း ခိုင်သလား မခိုင်သလား? ကိုယ်တိုင် တည်းဖြတ်တဲ့ တာဂန်ပါ ယူမှ ရလိမ့်မယ်။ မဟုတ်ရင်တော့ မျက်လုံးတွေ နားတွေက တဆင့် နလုံးသားတွေ အဆိပ်မိသွားနိုင်တယ်။"

ဦးနေဘုန်းလတ် - ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အမတ်

---

"ကားပါကင်မှာ ရန်ဖြစ်တာလည်း တင်တယ်။ ဘာဖြစ်ဖြစ် ဖေ့ဘွတ်ပေါ် ကောက်တင်တယ်။ လူတွေ ထင်နေတာက၊ ဖေ့ဘွတ်ပေါ်တင်မှ အစိုးရက အသိအမှတ်ပြုတယ်လို့ ထင်နေတာ။ အစိုးရက ဒါတွေကို တာဂန်ယူ ဖြေရှင်းပေးရမယ်။"

ဒေါ်ချမ်းမြေ့ခိုင် - တည်ထောင်သူ၊ အမရာ ဒစ်ဂျစ်တယ် မားကတ်တင်း အေဂျင်စီ

---

"ဖေ့ဘွတ်မှာ ကိုယ်နဲ့မသိတဲ့ သူငယ်ချင်း ၅၀၀၀ ရှိနေမယ်။ သူတို့ဆီက သတင်းအများတွေ ကိုယ်က ရ နိုင်တယ်။ ကိုယ်ကလည်း သတင်းအများတွေကို အဲဒီ သူငယ်ချင်း ၅၀၀၀ ဆီ ဖြန့်ဝေသလို ဖြစ်သွားနိုင်သေးတယ်။"

ဦးထူးမြင့်နောင် - တွဲဖက်အတွင်းရေးမှူး (၁)၊ ရန်ကုန်တိုင်း ဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်း

---

"သတင်းဝေတ်တာလည်းပါတာပေါ့။ အဲမှာ စလွဲတော့တာပဲ ဖေ့ဘွတ်က. အမှန်က မီဒီယာ မဟုတ်ဘူး။ ဖေ့ဘွတ်ကဟာက သတင်းမဟုတ်ဘူး။ ဖေ့ဘွတ်မှာ မီဒီယာ တခုက တင်ရင်တော့ သတင်းပေါ့။"

ဦးနေဘုန်းလတ် - ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အမတ်

---